ဒေါ်နုသည် ထွန်းထွန်းကို "မင်း ငါ့ကို ကူညီရမယ်" ဟု ပြောခဲ့သည်။
*Daw Nu* made Tun Tun help *her.*
ဒေါ်နုသည် ထွန်းထွန်းအား သူမကို ကူညီခိုင်းခဲ့သည်။

## ၆။ နောက်ဆက်တွဲလေ့ကျင့်ခန်းများ

***1 Write sentences using <u>let</u> or <u>made</u>.***

1 U Su said to Mg Mg, "You may go out to play."
2 Daw Than said to her children, "You may listen to the radio."

3 I said to Nyi Nyi, "You may borrow my pen."
4 The teacher said to Aye Aye, "You may go home."
5 U Mya said to his sons, "You may go to the cinema."
6 Daw Nu said to Mg Mg, "You must comb your hair."
7 Mother said to me, "You must clean your teeth."
8 Daw Khin said to Thida, "You must wash your clothes."
9 U Soe said to the children, "You must do your homework."
10 Cho Cho said to Thida, "You must help me."

***2 Fill each blank with a correct word.***

1 The cat c___________ a mouse and ate it.
2 I w___________ up at six o'clock this morning.
3 He held my hand t___________.
4 The mouse was very g___________ to the lion.
5 The dog's teeth are s___________.

***3 Give the plural form of the following words.***
**အောက်ပါ စကားလုံးများ၏ ဗဟုဝုစ်ကိန်းသဏ္ဌာန်ကို ပေးပါ။**

1 lion  2 mouse  3 rope  4 tooth  5 tree

***4 Rewrite the following sentences in the* Past Tense. *Put* <u>yesterday</u> *at the end.***
**အောက်ပါ ဝါကျများကို Past Tense ဖြင့် ပြန်ရေးပါ။ အဆုံးမှာ yesterday ထည့်ပေးပါ။**

1 He runs carelessly.
2 Our cat catches a mouse.
3 They sleep in this room.
4 I wake up early.
5 The mouse bites through one of the ropes.

## LESSON 3 A Picnic on the Beach

**၁။ ဝေါဟာရများ**

**Exercises**

| | | | |
|---|---|---|---|
| cold | ကိုး(လ်ဒ်) | *adj* | အေးသော၊ ချမ်းသော |
| hot | ဟော့(တ်) | *adj* | ပူသော၊ လှောင်သော၊ အိုက်သော |
| sleepy | စလီးပီး | *adj* | အိပ်ချင်သော၊ အိပ်ငိုက်သော |
| tired | တိုင်းယား(ဒ်) | *adj* | မောပန်းသော |
| farmer | ဖားမား | *n* | လယ်သမား |
| thirsty | သားစတီး | *adj* | ရေဆာသော၊ ရေငတ်သော |
| hungry | ဟန်းဂရီး | *adj* | ဆာလောင်သော |
| angry | အဲင်းဂရီး | *adj* | ဒေါသထွက်သော၊ စိတ်ဆိုးသော |
| ill | အစ်(လ်) | *adj* | နေမကောင်းသော၊ နာဖျားသော |
| cheerful | ချီးယားဖု(လ်) | *adj* | ရွှင်ပျသော၊ ပျော်ရွှင်သော |
| look | လွတ်(ခ်) | *v* | ထင်ရသည်၊ — ပုံပေါက်သည် |
| seem | ဆီး(မ်) | *v* | — ပုံပေါက်သည် |
| coat | ကုတ်(ထ်) | *n* | ကုတ်အကျီ |
| feel | ဖီး(လ်) | *v* | (ပူခြင်း၊ အေးခြင်း၊ ရွှင်လန်းခြင်း၊ စိတ်မကောင်းခြင်း စသည်)တစ်စုံတစ်ရာ ဖြစ်သည်၊ ခံစားရသည် |

| | | | |
|---|---|---|---|
| wear | ဝဲ(ယား) | *v* | ဝတ်ဆင်သည်၊ ဝတ်ထားသည် |
| drink | ဒရင့်(ခ်) | *v* | သောက်သည် |
| | | *n* | (ရေ စသည်) သောက်ခြင်း၊ တစ်ခွက် |
| hard | ဟား(ဒ်) | *adj* | ပင်ပန်းသော၊ ခဲယဉ်းသော |
| | | *adv* | ခက်ခက်ခဲခဲ |
| pain | ပိန်း(န်) | *n* | ဝေဒနာ၊ နာကျင်ခြင်း |
| let's | လက်(ထ်စ်) | | (= let us) ကျွန်ုပ်တို့ — ကြရအောင်၊ ကျွန်ုပ်တို့ — ကြစို့ |
| space | စပေး(စ်) | *n* | နေရာလပ် |
| comfortable | ကမ်းဖတာ့ဘာ့(လ်) | *adj* | သက်သောင့်သက်သာရှိသော၊ ဇိမ်ရှိသော |
| busy | ဘီဇီ | *adj* | မအားမလပ်သော |
| difficult | ဒစ်ဖစ်ကာ့(လ်ထ်) | *adj* | ခက်သော၊ မလွယ်သော |

| | | | |
|---|---|---|---|
| face | ဖေး(စ်) | *n* | မျက်နှာ |
| white | ဝိုက်(ထ်) | *adj* | သွေးဆုတ်သော (မျက်နှာ) |
| smile | စမိုင်း(လ်) | *v* | ပြုံးသည်၊ ပြုံးပြသည် |
| | | *n* | အပြုံး၊ ပြုံးခြင်း |
| early | အားလီး | *adj* | စောသော |
| | | *adv* | စောစော |
| tonight | တာ့နိုက်(ထ်) | *adv, n* | ယနေ့ည |
| roar | ရော | *v* | ဟိန်းသည် |
| loudly | လောက်ဒလီ | *adv* | ကျယ်ကျယ်လောင်လောင် |
| sum | ဆမ်း(မ်) | *n* | ဂဏန်းသင်္ချာပုစ္ဆာ၊ အတွက် |
| shall | ရှာ့(လ်) | *modal v* | ၁။ — မည်၊ — လိမ့်မည် ၂။ ရမည် |
| pair | ပဲ(ယား) | *n* | တစ်စုံ |
| | | *v* | တွဲပေးသည်၊ တွဲပေးပါ |

**Passage**

| | | | |
|---|---|---|---|
| picnic | ပစ်(ခ်)နစ်(ခ်) | *n* | ပျော်ပွဲစားထွက်ခြင်း |
| beach | ဘီး(ချ်) | *n* | ပင်လယ်ကမ်းခြေသောင်ယံ |
| last | လား(စ်ထ်) | *adj* | လွန်ခဲ့သော၊ ပြီးခဲ့သော |
| Monday | မန်းဒေး | *n* | တနင်္လာနေ့ |
| holiday | ဟောလာ့ဒေး | *n* | အားလပ်ရက်၊ ပိတ်ရက် |
| decide | ဒစ်ဆိုက်(ဒ်) | *v* | ဆုံးဖြတ်သည်၊ ရွေးချယ်သည် |
| all | အော(လ်) | *adv* | အားလုံး |
| food | ဖူး(ဒ်) | *n* | အစာ၊ စားစရာ |
| meat | မီး(ထ်) | *n* | (အထူးသဖြင့် နို့တိုက်သတ္တဝါနှင့် ကျေးငှက်တို့၏) အသား |
| cook | ကွတ်(ခ်) | *v* | (ထမင်း၊ ဟင်း) ချက်သည် |
| | | *n* | ထမင်းချက်၊ ချက်သူ |
| fire | ဖိုင်းယား | *n* | မီး၊ မီးလင်းဖို |
| reach | ရီး(ချ်) | *v* | ရောက်သည် |
| the sun | သ ဆန်း(န်) | *n* | နေ၊ နေရောင်၊ နေပူ |
| shine | ရှိုင်း(န်) | *v* | အလင်းရောင်ပေးသည်၊ တောက်ပသည် |

| | | | |
|---|---|---|---|
| sea | ဆီး | *n* | ပင်လယ် |
| pretty | ပရစ်တီ | *adj* | လှသော၊ ချစ်စဖွယ်ကောင်းသော |
| look very pretty | | | အလွန်လှပုံပေါက်သည် |
| lie | လိုင်း | *v* | လဲလျောင်းသည် |
| lay | လေး | *v* | လဲလျောင်းခဲ့သည် |
| sand | ဆဲင်း(န်ဒ်) | *n* | သောင်ပြင်၊ သောင်ခုံ |
| warm | ဝေါ(မ်) | *adj* | ပူနွေးသော |
| swim | ဆွင်း(မ်) | *v* | ရေကူးသည် |
| | | *n* | ရေကူးခြင်း |
| swam | ဆွဲင်း(မ်) | *v* | ရေကူးခဲ့သည် |
| until | အန်တစ်(လ်) | *prep* | ထိ၊ အထိ |
| begin | ဘစ်ဂင်း(န်) | *v* | (ခံစားမှု၊ အတွေးအသိ၊ အမှုအလုပ် စတင်ကြောင်း ညွှန်ပြရာ၌ သုံးသည်) စတင်သည် |
| began | ဘစ်ဂဲင်း(န်) | *v* | စတင်ခဲ့သည် |
| wake | ဝိတ်(ခ်) | *v* | နိုးသည်၊ နိုးလာသည် |

## ၂။ ကြိယာသဏ္ဌာန်များ

**Exercises**

| | | | | |
|---|---|---|---|---|
| feel | felt | felt | feeling | (ပူခြင်း၊ အေးခြင်း၊ ရွှင်လန်းခြင်း၊ စိတ်မကောင်းခြင်း စသည်) တစ်စုံတစ်ရာ ဖြစ်သည်၊ ခံစားရသည် |
| wear | wore | worn | wearing | ဝတ်ဆင်သည်၊ ဝတ်ထားသည် |
| hurry | hurried | hurried | hurrying | လောသည် |
| smile | smiled | smiled | smiling | ပြုံးသည်၊ ပြုံးပြသည် |
| seem | seemed | seemed | seeming | ထင်ရသည်၊ — ပုံပေါက်သည် |
| roar | roared | roared | roaring | ဟိန်းသည် |

**Passage**

| | | | | |
|---|---|---|---|---|
| shine | shone | shone | shining | အလင်းရောင်ပေးသည်၊ တောက်ပသည် |
| lie | lay | lain | lying | လဲလျောင်းသည်၊ ခြေလင်းလဲလူနေသည် |
| swim | swam | swum | swimming | ရေကူးသည် |
| begin | began | begun | beginning | စတင်သည် |
| wake | woke | woken | waking | နိုးသည်၊ နိုးလာသည် |
| decide | decided | decided | deciding | ဆုံးဖြတ်သည်၊ ရွေးချယ်သည် |
| cook | cooked | cooked | cooking | (ထမင်း၊ ဟင်း) ချက်သည် |
| reach | reached | reached | reaching | ရောက်သည် |

## ၃။ စကားလုံးတွဲများ

**Exercises**

| | | | | |
|---|---|---|---|---|
| in my head | ကျွန်တော့်ခေါင်းထဲမှာ | in that chair | | ထိုကုလားထိုင်တွင် |
| something to eat | စားဖို့ တစ်စုံတစ်ခု | go to bed | | အိပ်ရာဝင်သည် |
| something to drink | သောက်ဖို့ တစ်စုံတစ်ခု | on his face | | သူ၏ မျက်နှာပေါ်တွင် |
| Let's go home | ကျွန်ုပ်တို့ အိမ်ပြန်ကြစို့ | hurry up | *PHR V* | မြန်မြန်(လုပ်ပါ) |

**Passage**

| | | | | |
|---|---|---|---|---|
| on the beach | ပင်လယ်ကမ်းခြေသောင်ယံ တွင် | have a drink | | ရေသောက်သည် |
| | | lay down | *PHR V* | လဲလျောင်းခဲ့သည်၊ ခြေဆင်းလဲလူခဲ့သည် |
| on the sea | ပင်လယ်ပေါ်တွင် | | | |
| in the sea | ပင်လယ်ထဲမှာ | on the hot sand | | ပူနွေးသော သောင်ပြင်ပေါ်တွင် |
| a bag of food | စားစရာတစ်အိတ် | | | |
| felt very happy | အလွန်ပျော်ခဲ့သည် | went to sleep | | အိပ်ပျော်သွားခဲ့သည် |
| make a fire | မီးမွှေးသည် | come in | | ဝင်လာသည် |
| have a picnic | ပျော်ပွဲစားထွက်သည် | until twelve o'clock | | ၁၂ နာရီထိုး အထိ |
| have a swim | ရေကူးသည် | | | |

| | | |
|---|---|---|
| noisily | နွိုက်ဇစ်လီ | ဆူဆူညံညံ၊ ဆူညံစွာ |
| bucket | ဘတ်ကစ်(ထ်) | ဆွဲပုံး |
| market | မားကစ်(ထ်) | ဈေး |
| pocket | ပေါ့ကစ်(ထ်) | အိတ်ကပ်။ (အင်္ကျီ၊ ဘောင်းဘီ စသည်) အိတ် |
| minute | မင်နစ်(ထ်) | (အချိန်) မိနစ် |
| chicken | ချစ်ကင်(န်) | ၁။ ကြက်ကလေး ၂။ ကြက်သား |
| village | ဗစ်လစ်(ဂျ်) | ကျေးရွာ၊ ရွာ |
| busy | ဘစ်ဇီ | မအားမလပ်သော |
| pretty | ပရစ်တီ | လှသော |

7

## A Picnic on the Beach
## ပင်လယ်ကမ်းခြေသောင်ယံသို့ ပျော်ပွဲစားထွက်ခြင်း

Last Monday was a holiday.
လွန်ခဲ့သော တနင်္လာနေ့သည် အားလပ်ရက်တစ်ရက် ဖြစ်ခဲ့သည်။
The children decided to have a picnic on the beach.
ကလေးများသည် ပင်လယ်ကမ်းခြေသောင်ယံသို့ ပျော်ပွဲစားထွက်ရန် ဆုံးဖြတ်ခဲ့ကြသည်။
They all felt very happy.
သူတို့အားလုံး အလွန် ပျော်ကြသည်။
Daw Aye gave the boys a bag of food to carry and told them to carry it carefully.
ဒေါ်အေးသည် လူကလေးများအား သယ်ရန် စားစရာအိတ်တစ်လုံး ပေးပြီး ၎င်းကို ဂရုတစိုက် သယ်ဆောင်ရန် ပြောကြားခဲ့သည်။

"There are some eggs inside," she said, "and some meat to cook. You can make a fire on the beach."
"ချက်ဖို့ ဘဲဥတွေ၊ အသားတွေ အထဲမှာ ပါတယ်။ ပင်လယ်ကမ်းခြေသောင်ယံမှာ မင်းတို့ မီးဖိုနိုင်ကြပါလိမ့်မယ်" ဟု သူမက ပြောလိုက်သည်။

The children reached the beach at ten o'clock.
ဆယ်နာရီထိုးမှာ ကလေးများ ပင်လယ်ကမ်းခြေသောင်ယံသို့ ရောက်ကြသည်။
The sun was shining on the sea.
ပင်လယ်ပြင်ပေါ်မှာ နေသာနေသည်။
It looked very pretty.
၎င်းမှာ အလွန် လှပပုံပေါက်ပါသည်။

"I feel hot," said Kyaw Kyaw. "Let's have a swim."
"ငါ အိုက်တယ်။ ငါတို့ ရေကူးကြစို့" ဟု ကျော်ကျော်က ပြောလိုက်သည်။

"Let's have a drink first," said Mg Myo. "I feel thirsty."
"ငါတို့ ရေ အရင် သောက်ကြရအောင်။ ငါ ရေဆာတယ်" ဟု မောင်မျိုးက ပြောသည်။

"I feel sleepy," said Si Si. "The sun's very hot, isn't it?"
'ငါ အိပ်ငိုက်တယ်။ နေက အလွန်ပူတယ် မဟုတ်လား" ဟု စီစီက ပြောပြန်သည်။

"Yes, it is," said Mu Mu. "I feel sleepy too."
"ဟုတ်တယ်၊ ပူတယ်။ ငါလည်းပဲ အိပ်ငိုက်တယ်" ဟု မူမူက ပြောသည်။

The two girls lay down on the hot sand and went to sleep.
မိန်းကလေးနှစ်ယောက်သည် ပူနွေးသော သောင်ပြင်ပေါ် လဲလျောင်း၍ အိပ်ပျော်သွားကြသည်။
Kyaw Kyaw and Mg Myo had a drink and then ran into the sea.
ကျော်ကျော်နှင့် မောင်မျိုးတို့သည် ရေသောက်ပြီးနောက် ပင်လယ်သို့ ပြေးဆင်းသွားကြသည်။

"Does the water feel cold?" Tun Tun shouted.
"ရေက အေးသလား" ဟု ထွန်းထွန်းက အော်မေးလိုက်သည်။

"No," Mg Myo shouted. "It feels warm. Come in with us."
"မအေးဘူး၊ နွေးတယ်။ ငါတို့ဆီ လာ" ဟု မောင်မျိုးက အော်ခေါ်လိုက်သည်။
The three boys swam and played until twelve o'clock.
လူကလေးသုံးယောက်သည် ဆယ့်နှစ်နာရီထိုးအထိ ရေကူးကြ၊ ကစားကြသည်။
Then they began to feel tired. They felt hungry too.
ထို့နောက် သူတို့ မောပန်းစ ပြုလာသည်။ သူတို့ ဆာလည်းပဲ ဆာလာကြသည်။

"Let's wake the girls," said Mg Myo.
"ငါတို့ မိန်းကလေးတွေကို နှိုးကြစို့" ဟု မောင်မျိုးက ပြောသည်။

"No," said Kyaw Kyaw. "Let's make a fire and cook the food. Then we can wake the girls."
"မနှိုးနဲ့။ ငါတို့ မီးမွှေးပြီး စားစရာတွေကို ချက်ကြစို့။ ပြီးတော့မှ မိန်းကလေးတွေကို နှိုးမယ်" ဟု ကျော်ကျော်က ပြောသည်။

***Answer the questions.***

| | |
|---|---|
| 1 When was the holiday? | အားလပ်ရက်က ဘယ်တုန်းကလဲ။ |
| 2 What did the children decide to do? | ကလေးများ ဘာလုပ်ရန် ဆုံးဖြတ်ခဲ့ကြသနည်း။ |
| 3 What did Daw Aye give them? | ဒေါ်အေးက သူတို့ကို ဘာပေးခဲ့သနည်း။ |
| 4 When did they reach the beach? | သူတို့ ဘယ်အချိန်မှာ ပင်လယ်ကမ်းခြေသောင်ယံသို့ ရောက်ခဲ့ကြသနည်း။ |
| 5 What looked pretty? | ဘာက လှပုံပေါက်ခဲ့သနည်း။ |
| 6 Who felt hot? | ဘယ်သူ အိုက်ခဲ့သနည်း။ |
| 7 Who felt thirsty? | ဘယ်သူ ရေဆာခဲ့သနည်း။ |
| 8 Who felt sleepy? | ဘယ်သူ အိပ်ငိုက်ခဲ့သနည်း။ |
| 9 What did the girls do? | မိန်းကလေးများ ဘာလုပ်ခဲ့ကြသနည်း။ |
| 10 Who swam in the sea? | ဘယ်သူ ပင်လယ်ထဲမှာ ရေကူးခဲ့သနည်း။ |
| 11 Did the water feel cold? | ရေက အေးနေခဲ့သလား။ |
| 12 Who felt tired and hungry? | ဘယ်သူ မောပြီး ဆာလောင်ခဲ့သနည်း။ |
| 13 Who wanted to wake the girls? | ဘယ်သူက မိန်းကလေးများကို နှိုးချင်ခဲ့သနည်း။ |

# LESSON 4 A Busy Family

## ၁။ ဝေါဟာရများ

### Exercises

| | | | |
|---|---|---|---|
| someone | ဆမ်း(မ်)ဝမ်း(န်) | *pron* | တစ်စုံတစ်ယောက်၊ တစ်ယောက်ယောက် |
| kyat | | *n* | — ကျပ် (မြန်မာနိုင်ငံသုံးငွေ) |
| finish | ဖစ်နစ်(ရှ်) | *v* | အဆုံးသတ်သည်၊ ပြီးဆုံးသည် |
| sock | ဆော့(ခ်) | *n* | ခြေအိတ် |
| ceiling | ဆီးလင်း(ဂ်) | *n* | မျက်နှာကြက် |
| money | မန်းနီး | *n* | ငွေ၊ ပိုက်ဆံ |
| clock | ကလော့(ခ်) | *n* | (တိုင်ကပ်၊ စားပွဲတင်) နာရီ |
| practise | ပရဲက်(ခ်)တစ်(စ်) | *v* | လေ့ကျင့်သည်၊ လေ့ကျင့်ပါ |
| class | ကလား(စ်) | *n* | (ကျောင်း) အတန်း |
| conversation | ကွန်ဗာ့ဆေးရှန်း(န်) | *n* | စကားစမြည် (ပြောခြင်း) |
| around | အရောင်း(န်ဒ်) | *prep* | နေရာအနှံ့ |
| deaf | ဒက်(ဖ်) | *adj* | နားထိုင်းသော၊ နားလေးသော |
| happen | ဟဲက်ပန်း(န်) | *v* | ဖြစ်ပေါ်သည်၊ ဖြစ်ပျက်သည် |
| look hot | | | အိုက်ပုံပေါက်သည် |
| feel hot | | | အိုက်သည် |
| don't feel hot | | | မအိုက်ပါ |
| in place of | | *IDM* | အစား၊ ကိုယ်စား |

### Passage

| | | | |
|---|---|---|---|
| busy | ဘစ်ဇီ | *adj* | မအားမလပ်သော |
| family | ဖဲမ်မ့လီ | *n* | မိသားစု |
| from | ဖရွန်မ် | *prep* | မှ၊ က |
| comfortable | ကမ်းဖတာ့ဘာ့(လ်) | *adj* | သက်တောင့်သက်သာရှိသော၊ ဇိမ်ရှိသော |
| chair | ချဲ(ယား) | *n* | ကုလားထိုင် |
| comfortable chair | | *n* | ပက်လက်ကုလားထိုင် (ဇိမ်ရှိသော ကုလားထိုင်) |
| bring | ဘရင်း(ဂ်) | *v* | ယူလာသည်၊ ပါလာသည် |
| brought | ဘရော့(ထ်) | *v* | ယူလာခဲ့သည်၊ ပါလာခဲ့သည် |
| some | ဆမ်း(မ်) | *det* | ၁။ အနည်းငယ်၊ နည်းနည်း ၂။ အချို့ |
| cake | ကိတ်(ခ်) | *n* | ကိတ်မုန့် |
| would | ဝတ်(ဒ်) | *modal v* | (တစ်ဖက်သား၏ အကြိုက်ကို အယဉ်အကျေးမေးသော စကား၊ အယဉ်အကျေး ဖိတ်ခေါ်စကား) |
| wash | ဝေါ့(ရှ်) | *v* | လျှော်ဖွပ်သည်၊ ဆေးကြောသည် |
| like | လိုက်(ခ်) | *v* | ကြိုက်သည်၊ နှစ်သက်သည် |
| clothes | ကလိုး (သ်ဇ်) | *n* | [pl] အဝတ်အစား |
| after | အားဖတား | *prep* | ပြီး၊ နောက် |
| dinner | ဒင်နာ | *n* | ညနေစာ၊ ညစာ |
| iron | အိုင်းယန်း(န်) | *v* | မီးပူတိုက်သည် |
| nice | နိုက်(စ်) | *adj* | အရသာရှိသော |
| other | အဒ်သား | *det* | အခြား — |
| remember | ရစ်မင်းမ်ဘား | *v* | မှတ်မိသည်၊ အမှတ်ရသည်၊ သတိရသည် |
| mend | မင်းန်(ဒ်) | *v* | ပြင်သည်၊ ဖာထေးသည် |
| shirt | ရှား(ထ်) | *n* | ရှပ် (အင်္ကျီ) |
| hole | ဟိုး(လ်) | *n* | အပေါက် |
| leg | လက်(ဂ်) | *n* | စားပွဲ၊ ကုလားထိုင် ခြေထောက် |
| seem | ဆီး(မ်) | *v* | — ပုံပေါက်သည် |
| strong | စထရွန်း(ဂ်) | *adj* | ခိုင်ခံ့သော |
| clever | ကလက်ဗား | *adj* | တော်သော |
| reach | ရီး(ချ်) | *v* | ရောက်သည် |

## ၂။ ကြိယာသဏ္ဌာန်များ

**Passage**

| | | | | |
|---|---|---|---|---|
| like | liked | liked | liking | ကြိုက်သည်၊ နှစ်သက်သည် |
| mend | mended | mended | mending | ပြင်သည်၊ ဖာထေးသည် |
| climb | climbed | climbed | climbing | တက်သည် |
| pull | pulled | pulled | pulling | ဆွဲယူသည် |
| fill | filled | filled | filling | ဖြည့်သည် |
| kick | kicked | kicked | kicking | ၁။ ကန်သည်  ၂။ ကန်ကျောက်သည် |
| touch | touched | touched | touching | ထိသည် |
| count | counted | counted | counting | (အရေအတွက်) ရေတွက်သည် |
| post | posted | posted | posting | ၁။ စာထည့်သည်  ၂။ စာတိုက်မှ ပို့သည် |
| visit | visited | visited | visiting | ၁။ အလည်အပတ်သွားသည်<br>၂။ အလည်လာသည် |
| happen | happened | happened | happening | ဖြစ်ပွားသည် |
| iron | ironed | ironed | ironing | မီးပူတိုက်သည် |
| remember | remembered | remembered | remembering | မှတ်မိသည်၊ အမှတ်ရသည်၊ သတိရသည် |

## ၃။ စကားလုံးတွဲများ

**Passage**

| | | | |
|---|---|---|---|
| from work | အလုပ်မှ | in a comfortable chair | ပက်လက်ကုလားထိုင်ပေါ်တွင် |
| at six o'clock | ခြောက်နာရီထိုးတွင် | | |
| sat down | ထိုင်ခဲ့သည် | after dinner | ညစာစားပြီးနောက် |
| worked hard | ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့သည် | let me think | ကျွန်ုပ် စဉ်းစားပါရစေ |
| | | the leg of your chair | သင့်ကုလားထိုင်၏ ခြေထောက် |
| a cup of tea | လက်ဖက်ရည်တစ်ခွက် | | |

## ၄။ ပြဋ္ဌာန်းစာအုပ်ပါ ဖတ်ရန်စာနှင့် လေ့ကျင့်ခန်းများ

*1 Read.*





I have opened the door.
ကျွန်တော် တံခါးကို ဖွင့်ပြီးပြီ။
The door ***is open***.
တံခါး ပွင့်နေသည်။
Someone has ***opened it.***
တစ်ယောက်ယောက်က ၎င်းကို ဖွင့်ပြီးပြီ။
Who has opened it?
၎င်းကို ဘယ်သူ ဖွင့်ပြီးပြီလဲ။
Kyaw Kyaw has.
ကျော်ကျော် ဖွင့်ပြီးပြီ။
Kyaw Kyaw has opened the door.
ကျော်ကျော် တံခါးကို ဖွင့်ပြီးပြီ။

I have closed the window.
ကျွန်မ ပြတင်းပေါက်ကို ပိတ်ပြီးပြီ။
The window ***is closed***.
ပြတင်းပေါက် ပိတ်နေသည်။
Someone has ***closed it.***
တစ်ယောက်ယောက်က ၎င်းကို ပိတ်ပြီးပြီ။
Who has closed it?
၎င်းကို ဘယ်သူ ပိတ်ပြီးပြီလဲ။
Mu Mu has.
မူမူ ပိတ်ပြီးပြီ။
Mu Mu has closed the window.
မူမူ ပြတင်းပေါက်ကို ပိတ်ပြီးပြီ။

**2 *Answer the questions.***

e.g.- The window is open. What has Aung Aung done?
**He has opened the window.**

1 The door is closed. What has Mya Mya done?
2 The blackboard is clean. What has Mg Myo done?
3 The meal is cooked. What has Daw Aye done?
4 The shoe is mended. What has U Aye done?
5 The exercise is finished. What has Si Si done?

**3 *Read aloud.***

| | | |
|---|---|---|
| climbed | ကလိုင်း(မ်ဒ်) | တက်ခဲ့သည် |
| finished | ဖစ်နစ်(ရှ်ထ်) | အဆုံးသတ်ခဲ့သည်၊ ပြီးဆုံးခဲ့သည် |
| counted | ကောင့်တစ်(ဒ်) | (အရေအတွက်) ရေတွက်ခဲ့သည် |
| cleaned | ကလီး(န်ဒ်) | ဆေးကြောသုတ်သင် တိုက်ချွတ်ခဲ့သည် |
| kicked | ကစ်(ခ်ထ်) | ၁။ ကန်ခဲ့သည် ၂။ **ကန်ကျောက်ခဲ့သည်** |
| painted | ပိန့်တစ်(ဒ်) | ၁။ ဆေးသုတ်ခဲ့သည် ၂။ **ပန်းချီရေးခဲ့သည်၊** ရေးဆွဲခဲ့သည် |
| pulled | ပွတ်(လ်ဒ်) | ဆွဲယူခဲ့သည် |
| washed | ဝေါ့(ရှ်ထ်) | လျှော်ဖွပ်ခဲ့သည်၊ ဆေးကြောခဲ့သည် |
| posted | ပို့(စ်)တစ်(ဒ်) | ၁။ စာထည့်ခဲ့သည် ၂။ **စာတိုက်မှ ပို့ခဲ့သည်** |
| filled | ဖစ်(လ်ဒ်) | ဖြည့်ခဲ့သည် |
| helped | ဟက်(လ်ပ်ထ်) | ကူညီခဲ့သည် |
| mended | မင်းန်ဒစ်(ဒ်) | ပြင်ခဲ့သည်၊ ဖာထေးခဲ့သည် |
| borrowed | ဘောရိုး(ဒ်) | ချေး(ယူ)ခဲ့သည်၊ ငှားရမ်း(ယူ)ခဲ့သည် |
| touched | တတ်(ချ်ထ်) | ထိခဲ့သည် |
| visited | ဗစ်ဇစ်တစ်(ဒ်) | ၁။ အလည်အပတ်သွားခဲ့သည် ၂။ **အလည်လာခဲ့သည်** |

**4 *Finish the sentences.***

e.g.- I wanted to climb the tree and now ____________. (climbed)
**I wanted to climb the tree and now I have climbed it.**

1 I wanted to clean the window and now ____________________. (cleaned)

2 I wanted to pull the rope and now ____________________. (pulled)
3 I wanted to fill the bottle and now ____________________. (filled)
4 I wanted to borrow a kyat and now ____________________. (borrowed)
5 I wanted to finish the book and now ____________________. (finished)
6 I wanted to kick the ball and now ____________________. (kicked)
7 I wanted to wash the socks and now ____________________. (washed)
8 I wanted to help my father and now ____________________. (helped)
9 I wanted to touch the ceiling and now ____________________. (touched)
10 I wanted to count the money and now ____________________. (counted)
11 I wanted to paint the door and now ____________________. (painted)
12 I wanted to post the letter and now ____________________. (posted)
13 I wanted to mend the clock and now ____________________. (mended)
14 I wanted to visit my uncle and now ____________________. (visited)

**5 *Practise this conversation around the class. (A is a little deaf. He cannot hear well.)***

A: What has happpened? ဘာဖြစ်ပြီးပြီလဲ။
B: Kyaw Kyaw has climbed the tree. ကျော်ကျော် သစ်ပင်ကို တက်ပြီးပြီ။
A: What has he done? သူ ဘာလုပ်ပြီးပြီလဲ။
B: He has climbed the tree. သူ သစ်ပင်ကို တက်ပြီးပြီ။
A: Who has climbed the tree? ဘယ်သူ သစ်ပင်ကို တက်ပြီးပြီလဲ။
B: Kyaw Kyaw has. ကျော်ကျော် တက်ပြီးပြီ။

***Now use the words in Exercise 4. The next conversation could begin:***

A: What has happened? B: Mu Mu has cleaned the window.

**6 Review : *Practise this conversation around the class.***

A: You look **hot**, Win Zaw.
Do you feel **hot**?

Win Zaw: Yes, I do. I feel **hot**. or
No, I don't. I don't feel **hot**.

In place of "**hot**" you can use: **cold, sleepy, tired, thirsty, hungry, angry, ill, cheerful, happy.**

*7*


**A Busy Family**

**မအားမလပ်သော မိသားစုတစ်စု**

Yesterday evening U Ba Aye came home from work at six o'clock.
မနေ့ညနေက ဦးဘအေးသည် ခြောက်နာရီထိုးတွင် အလုပ်မှ အိမ်သို့ ပြန်ခဲ့သည်။
He felt tired.
သူ မောပန်းနေသည်။
He sat down in a comfortable chair.
သူသည် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်လိုက်သည်။
Daw Aye brought him a cup of tea.
ဒေါ်အေးသည် သူ့အတွက် လက်ဖက်ရည်တစ်ခွက် ယူလာပေးသည်။

"I have made some cakes," she said. "Would you like one?"
"ကျွန်မ ကိတ်မုန့်နည်းနည်း လုပ်ထားတယ်။ ရှင် တစ်ခု စားမလား" ဟု သူမက မေးသည်။

"Yes, please," said U Ba Aye. "I have worked hard today and I feel tired. What have you done today?"
"အေး၊ ကျေးဇူးပြုပြီ။ ငါ ဒီနေ့ ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့ပြီး မောနေတယ်။ ဒီနေ့ မင်း ဘာလုပ်ထားသလဲ" ဟု ဦးဘအေးက ပြောလိုက်သည်။



"I have washed some clothes," said Day Aye.
"ကျွန်မ အဝတ်တွေ လျှော်တယ်" ဟု ဒေါ်အေးက ပြောသည်။
"They are clean now. After dinner I will iron them.
"အခု အဲဒါတွေ သန့်ရှင်းသွားပြီ။ ညစာစားပြီးယင် ကျွန်မ အဲဒါတွေကို မီးပူတိုက်မယ်။
I have cooked a very nice meal for you.
ရှင့်အတွက် သိပ်အရသာရှိတဲ့ စားစရာ ကျွန်မ ချက်ထားတယ်။
What other things have I done today?
ဒီနေ့ ကျွန်မ တခြား ဘာတွေများ လုပ်ပြီးပါလိမ့်။
Let me think.
ကျွန်မ စဉ်းစားပါရစေဦး။
Oh, yes. Now I remember.
အော်၊ ဟုတ်ပြီ။ အခု ကျွန်မ သတိရပြီ။
I have mended some shirts.
ကျွန်မ ရှပ်အင်္ကျီတချို့ကို ဖာပြီးပြီ။
Your shirts and Kyaw Kyaw's had holes in them.
ရှင့်ရှပ်အင်္ကျီနဲ့ ကျော်ကျော်ရဲ့ ရှပ်အင်္ကျီတွေမှာ အပေါက်တွေ ရှိနေတယ်။
You can wear them now."
အခု ရှင် အဲဒီရှပ်အင်္ကျီတွေကို ဝတ်နိုင်ပါပြီ"

"You have worked hard today, too," said U Ba Aye.
"ဒီနေ့ မင်းလည်း ပင်ပင်ပန်းပန်း အလုပ်လုပ်ရတယ်" ဟု ဦးဘအေးက ပြောလိုက်သည်။
"Have the children worked hard? Have they helped you?"
"ကလေးတွေ ပင်ပင်ပန်းပန်း အလုပ်လုပ်ကြရဲ့လား။ သူတို့ မင်းကို ကူညီကြသလား"

"Yes, they have," said Daw Aye.
"ဟုတ်ကဲ့၊ သူတို့ ကူညီကြပါတယ်" ဟု ဒေါ်အေးက ပြောသည်။
"The girls have helped me.
"မိန်းကလေးတွေက ကျွန်မကို ကူညီကြတယ်။
They helped me to wash the clothes and to cook the meal.
သူတို့ ကျွန်မကို အဝတ်လျှော်ဖို့နဲ့ ထမင်းဟင်းချက်ဖို့ ကူညီကြတယ်။
Kyaw Kyaw could not help me.
ကျော်ကျော်က ကျွန်မကို မကူညီနိုင်ခဲ့ဘူး။
His teacher gave him some homework to do.
သူ့ဆရာက သူ့ကို အိမ်စာတချို့ လုပ်ဖို့ ပေးထားတယ်။

He has finished it now.
အခု သူ အဲဒါကို လုပ်ပြီးပါပြီ။
Mg Myo has mended the leg of your chair."
မောင်မျိုးက ရှင့်ကုလားထိုင်ရဲ့ ခြေထောက်ကို ပြင်ပေးတယ်။"



"Yes," said U Ba Aye. "It seems very strong now.
"ဟုတ်တယ်" ဟု ဦးဘအေးက ပြောသည်။ "အခု အဲဒါ သိပ်ခိုင်ခိုင်ခံ့ခံ့ပုံ ပေါက်သွားပြီ။
He is a clever boy. What has Tun Tun done today?"
သူဟာ တော်တဲ့ လူကလေးပဲ။ ထွန်းထွန်းက ဒီနေ့ ဘာလုပ်သလဲ။


"He has cleaned the windows," said Daw Aye.
"သူက ပြတင်းပေါက်တွေကို သုတ်ခဲ့တယ်" ဟု ဒေါ်အေးက ပြောပြသည်။
"Look! They are very clean now. We have all worked very hard."
"ကြည့်စမ်း၊ ပြတင်းပေါက်တွေ အခု သိပ်သန့်ရှင်းသွားပြီ။ ကျွန်မတို့အားလုံး ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့ကြပါတယ်"

***Answer the questions.***

1 What time did U Ba Aye reach home?
ဦးဘအေး ဘယ်အချိန်မှာ အိမ်ပြန်ရောက်ခဲ့သနည်း။
2 What did Daw Aye bring him to drink and to eat?
ဒေါ်အေးက သူ့အတွက် သောက်ရန်နှင့် စားရန် ဘာယူလာပေးခဲ့သနည်း။
3 What did Daw Aye wash?
ဒေါ်အေးက ဘာကို လျှော်ဖွပ်ခဲ့သနည်း။
4 Whose shirts had holes in them?
မည်သူ၏ ရှပ်အင်္ကျီများတွင် အပေါက်များ ရှိခဲ့သနည်း။
5 Who helped Daw Aye?
မည်သူက ဒေါ်အေးကို ကူညီခဲ့သနည်း။
6 What did Kyaw Kyaw do?
ကျော်ကျော် ဘာလုပ်ခဲ့သနည်း။
7 What did Mg Myo do?
မောင်မျိုး ဘာလုပ်ခဲ့သနည်း။
8 What did Tun Tun do?
ထွန်းထွန်း ဘာလုပ်ခဲ့သနည်း။

**8** ***Answer the questions.***

the door



What has Kyaw Kyaw opened?
**He has opened the door.**

cook cooked cooked cooking (ထမင်း၊ ဟင်း) ချက်သည်

## Simple Present Tense

၁ အမှန်တရား (သို့မဟုတ်) အမြဲပြု၊ အမြဲဖြစ်နေတာတွေကို ဖော်ပြဖို့အတွက် Simple Present Tense ကို သုံးရတယ်။

1 Mg Mg *is* a boy. မောင်မောင်သည် ယောက်ျားလေးတစ်ယောက် ဖြစ်သည်။
2 I *am* a teacher. ကျွန်တော်သည် ဆရာတစ်ယောက် ဖြစ်သည်။
3 You *are* a student. သင်သည် ကျောင်းသားတစ်ယောက် ဖြစ်သည်။
4 Cows *eat* grass. နွားများသည် မြက်စားကြသည်။
5 Lions *eat* meat. ခြင်္သေ့များသည် အသားစားကြသည်။
6 The sun *rises* in the east. နေသည် အရှေ့ဘက်မှ ထွက်သည်။

၂ အလေ့အထကို ဖော်ပြဖို့အတွက်လည်း Simple Present Tense ကို သုံးရတယ်။ အောက်ပါ အချိန်ပြစကားလုံးတွေ ပါယင် Simple Present Tense ကို သုံးပါ။

always အမြဲ usually ခါတိုင်း၊ — နေကျ၊ ထုံးစံအတိုင်း often မကြာမကြာ၊ မကြာခဏ
sometimes တစ်ခါတစ်ရံ never ဘယ်သောအခါမှ၊ ဘယ်တုန်းကမှ (မလုပ်၊ မဖြစ်) every တိုင်း
once a တစ်ကြိမ် twice a နှစ်ကြိမ် times a အကြိမ်ကြိမ်

1 I always *help* my mother. ကျွန်တော် အမေ့ကို အမြဲ ကူညီသည်။
2 I usually *help* my mother. ကျွန်တော် အမေ့ကို ကူညီနေကျ ဖြစ်သည်။
3 I often *help* my mother. ကျွန်တော် အမေ့ကို မကြာခဏ ကူညီသည်။
4 I sometimes *help* my mother. ကျွန်တော် အမေ့ကို တစ်ခါတစ်ရံ ကူညီသည်။
5 I never *help* my mother. ကျွန်တော် အမေ့ကို ဘယ်တုန်းကမှ မကူညီပါ။
6 I *help* my mother every day. ကျွန်တော် အမေ့ကို နေ့တိုင်း ကူညီသည်။
7 I *help* my mother once a week. ကျွန်တော် အမေ့ကို တစ်ပတ်လျှင်တစ်ကြိမ် ကူညီသည်။
8 I *help* my mother twice a week. ကျွန်တော် အမေ့ကို တစ်ပတ်လျှင်နှစ်ကြိမ် ကူညီသည်။
9 I *help* my mother three times a week. ကျွန်တော် အမေ့ကို တစ်ပတ်လျှင်သုံးကြိမ် ကူညီသည်။

**မှတ်ချက်။** He, She, It တို့၊ တစ်ခု တစ်ယောက်တို့နဲ့ တွဲသုံးတဲ့ Present Tense Verb ရဲ့ နောက်မှာ *s* တို့ *ies* တို့ကို သင့်တော်သလို ထည့်ပေးရတယ်။

1 He *helps* his mother. သူသည် သူ့အမေကို ကူညီသည်။
2 She *washes* the clothes every day. သူမသည် အဝတ်များကို နေ့တိုင်း လျှော်ဖွပ်သည်။
3 It *tries* to catch the mouse. ၎င်းသည် ကြွက်ကို ဖမ်းရန် ကြိုးစားသည်။

## Simple Past Tense

လွန်ခဲ့တဲ့ အချိန်က ပြုခဲ့၊ ဖြစ်ခဲ့တာတွေကို Simple Past Tense နဲ့ ဖော်ပြရတယ်။

1 I *saw* Mg Mg yesterday. ကျွန်တော် မနေ့က မောင်မောင်ကို မြင်ခဲ့သည်။
2 She *made* a cake yesterday. သူမသည် မနေ့က ကိတ်မုန့်တစ်လုံး လုပ်ခဲ့သည်။
3 He *went* to the cinema last night. သူသည် လွန်ခဲ့သောညက ရုပ်ရှင်သို့ သွားခဲ့သည်။

**Present Perfect Tense**
**ရေးနည်း**

| | |
|---|---|
| **He**<br>**She**<br>**It**<br>**တစ်ခု/တစ်ယောက်** | **+ has + V3 = Present Perfect Tense** |

He, She, It တို့၊ တစ်ခု တစ်ယောက်တို့အတွက် has နဲ့ V3 တွဲရေးယင် Present Perfect Tense ဖြစ်လာတယ်။

| | |
|---|---|
| 1 He *has written* a letter. | သူသည် စာတစ်စောင်ကို ရေးပြီးပြီ။ |
| 2 She *has eaten* the cake. | သူမသည် ကိတ်မုန့်ကို စားပြီးပြီ။ |
| 3 It *has caught* a mouse. | ၎င်းသည် ကြွက်တစ်ကောင်ကို ဖမ်းပြီးပြီ။ |
| 4 Mg Mg *has gone* out. | မောင်မောင်သည် ထွက်သွားပြီ။ |

| | |
|---|---|
| **I**<br>**We**<br>**You**<br>**They**<br>**အများ** | **+ have + V3 = Present Perfect Tense** |

We, You, They နဲ့ အများအတွက်တော့ have နဲ့ V3 ကို တွဲသုံးရတယ်။

| | |
|---|---|
| 1 I *have written* a letter. | ကျွန်တော် စာတစ်စောင်ကို ရေးပြီးပြီ။ |
| 2 We *have seen* the new teacher. | ကျွန်တော်တို့ ဆရာအသစ်ကို မြင်ပြီးကြပြီ။ |
| 3 You *have done* your work. | သင့်အလုပ်ကို သင် လုပ်ပြီးပြီ။ |
| 4 They *have drawn* the pictures. | သူတို့ ရုပ်ပုံများကို ဆွဲပြီးကြပြီ။ |
| 5 The boys *have begun* the work. | လူကလေးများ အလုပ် စလုပ်ကြပြီ။ |

**အသုံးပြုနည်း**

'အလုပ်တစ်ခုခုကို လုပ်ပြီးပြီ' လို့ ပြောချင်ယင် Present Perfect Tense ကို တွဲသုံးရတယ်။

| | |
|---|---|
| 1 I *have done* my homework. | ကျွန်တော် အိမ်စာကို လုပ်ပြီးပြီ။ |
| 2 She *has washed* the clothes. | သူမ အဝတ်များကို လျှော်ပြီးပြီ။ |
| 3 They *have painted* the house. | သူတို့ အိမ်ကို ဆေးသုတ်ပြီးကြပြီ။ |
| 4 We *have swept* the floor. | ကျွန်တော်တို့ ကြမ်းပြင်ကို တံမြက်စည်းလှည်းပြီးကြပြီ။ |
| 5 Daw Aye *has cooked* a meal. | ဒေါ်အေး ထမင်းချက်ပြီးပြီ။ |

**၆။ နောက်ဆက်တွဲလေ့ကျင့်ခန်းများ**

**1 *Rewrite the following sentences in the past tense. Use* <u>yesterday</u> *in place of* <u>every day</u>.**

1 I open the door every day.
2 She closes the window every day.